ကြေညာချက်

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ

နေပြည်တော်၊ မြန်မာ

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း (၆) ရက်

**ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု လက်ရှိအခြေအနေအား တင်ပြခြင်း**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (DSEZ MC) သည် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့်စီမံကိန်းလုပ်ငန်း (၉) ခုအတွက် ချုပ်ဆိုထားသော စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့် စာချုပ်များ (Concession Agreements) အားလုံးကို (၃၀-၁၂-၂၀၂၀) ရက်နေ့တွင် ရပ်ဆိုင်းကြောင်း ကနဦးအဆင့် စီမံကိန်းရင်းနှီးတည်ဆောက်ခွင့်ရရှိသူ ကုမ္ပဏီထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့သည်ကို အများပြည်သူသို့ အသိပေးအပ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများသည် နိုင်ငံတော်အတွက် အရေးပါသော လုပ်ငန်းများဖြစ်သော်လည်း ကနဦးရင်းနှီးတည်ဆောက်ခွင့်ရရှိသူသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် အကြိမ်ကြိမ် နှောင့်နှေး ကြန့်ကြာခြင်း၊ စာချုပ်ပါ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဝတ္တရားများဖြည့်ဆည်းရန် ပျက်ကွက်ခြင်း၊ စီမံကိန်းဆောင်ရွက်ရန် ဘဏ္ဍာငွေအထောက်အထားများ မတင်ပြနိုင်ခြင်းစသည့် စွမ်းဆောင်ရည် အားနည်းချက်များကြောင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အဆိုပါ ကနဦးစီမံကိန်းလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် ရင်းနှီးတည်ဆောက်ခွင့်ရရှိသူ၏ စွမ်းဆောင်ရည်များအပေါ် ယုံကြည်မှုများ ပျောက်ဆုံးခဲ့ရပါသည်။

ထိုကဲ့သို့ ကနဦးစီမံကိန်းအတွက် ချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်များ ရပ်ဆိုင်းခြင်းကြောင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဤစီမံကိန်းကို ပြန်လည်သုံးသပ်ဆောင်ရွက်ရန် မိတ်ဖက်အသစ်များအား ရှာဖွေရန်အခွင့်အလမ်း ရရှိလာပြီး၊ ထိုအခွင့်အလမ်းသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် များစွာထူးခြားပြီး၊ မဟာဗျူဟာမြောက်သော အခွင့်အလမ်းကောင်းဖြစ်ပါသည်။

မကြာသေးမီကာလများအတွင်း သိသာထင်ရှားသော တိုးတက်မှုအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်မှ ထိုင်း-မြန်မာ နယ်စပ်အထိ ၂-လမ်းသွားကားလမ်း တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းနိုင်ငံမှ NEDA (Neighbouring Countries Economic Development Agency) နှင့် ချေးငွေရယူရေးစည်းကမ်းချက်များကို သဘောတူညီခဲ့ပါသည်။ ထို ၂-လမ်း သွားကားလမ်း ပြီးစီးလျှင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဖြစ် မြောက်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်လာပါမည်။

ထို့အတူ ဂျပန်နိုင်ငံအစိုးရမှလည်း ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လိုသည့် ၎င်း၏ ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းထားပြီး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် တည်ဆောက်ရန်လျာထားသည့် ရေနက်ဆိပ်ကမ်းအတွက် ကြိုတင်လေ့လာဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း

ကို အကူအညီပေးရန် ပြင်ဆင်လျက်ရှိပါသည်။ ထို့အပြင် မြန်မာ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည့် သုံးပွင့်ဆိုင်လုပ်ငန်း အစည်းအဝေးကို မကြာမီက ကျင်းပပြုလုပ်ခဲ့ပြီး၊ ထားဝယ်အထူးစီးပွားရေးဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲညှိနှိုင်းမှု ကော်မတီ၏ သုံးပွင့်ဆိုင် အစည်းအဝေးများကိုလည်း အမြန်ဆုံးကျင်းပရန် မျှော်မှန်းထားပါသည်။

အဆိုပါ တိုးတက် ပြောင်းလဲမှုများနှင့်ပတ်သက်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌ၊ ဒေါက်တာထွန်းနိုင်မှ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

*"ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့်စီမံကိန်းများ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ကျိုးကြောင်းဆီလျော်စွာ အစွမ်းကုန် ကြိုးပမ်းအားထုတ်ပြီးနောက်ပိုင်းမှာ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ အထက်အဆင့်အဖွဲ့အစည်းများရဲ့ လမ်းညွှန်မှုများနဲ့အတူ ယခုကဲ့သို့ အဆုံးအဖြတ်ပေးနိုင်မယ့် နောက်ထပ်ခြေလှမ်းတစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ အလားအလာကောင်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးမူဝါဒများနှင့်အညီ ပြန်လည်ဖွင့်လှစ်ဖော်ထုတ်ရန် ယခုအချိန်ကစပြီး ဦးတည်ချက်ထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ မိတ်ဆွေတိုင်းပြည်များဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ အစိုးရတို့နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှာဖြစ်ပြီး ၎င်းတို့က စဉ်ဆက်မပြတ် ပေးအပ်တဲ့ အကူအညီများကိုလည်း အလေးအနက်တန်ဘိုးထားကြောင်း ပြောကြားလိုပါတယ်။ နောင်လာမယ့် နှစ်များစွာမှာ ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမယ့် ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ အလားအလာကောင်းများကို ကောင်းစွာ အသုံးချဖို့ မျှော်မှန်းပါတယ်"*

အခြားသိရှိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး**

**ရုံးအမှတ် (၂၇)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရုံးအဆောက်အဦ၊ နေပြည်တော်**

**ဖုန်း - + ၉၅ - ၀၆၇-၃၄၁၀၂၅၇**

**အီးမေးလ်-** ho-npt@daweisezmc.com **(ဆက်သွယ်ရန် ပုဂ္ဂိုလ်)**

* * * * *

**နောက်ခံအကြောင်းအရာ**

မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းကုမ္ပဏီ Italian–Thai Development Public Company Limited (ITD) တို့သည် ယခင်က ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုလုံး အကောင်အထည်ဖော်တည်ဆောက်ရန် ချုပ်ဆိုခဲ့သည့် စာချုပ်များကို ရပ်စဲပြီးနောက် ကနဦးအဆင့်စီမံကိန်း (၉) ခုအတွက် စီမံကိန်း လုပ်ငန်းဆောင်ရွက်ခွင့် စာချုပ်များ (Concession Agreements) ကို ၂၀၁၅/၂၀၁၆ ခုနှစ် တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ကနဦးအဆင့်နှင့် နောက်ဆက်တွဲ ပင်မစီမံကိန်းတည်ဆောက်ရေးအဆင့်များနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ထားဝယ် အထူးစီးပွားရေးဇုန် ပင်မစီမံကိန်းစီမံချက်ကို ပြင်ဆင်ရေးဆွဲခဲ့ကြပါသည်။

ကနဦး အဆင့်စီမံကိန်းများတွင် စက်မှုဇုန်နယ်မြေ၊ ဆိပ်ကမ်းငယ်၊ သဘာဝဓာတ်ငွေ့ဆိပ်ကမ်း (LNG Terminal)၊ ဓာတ်အားပေးစက်ရုံ၊ မြို့ပြစီမံကိန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ရေလှောင်ကန်နှင့် ထားဝယ်အထူး စီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်သို့ ဖောက်လုပ်မည့် ၂-လမ်းသွား ကားလမ်းနှင့် အခြားအခြေခံ အဆောက် အဦ စီမံကိန်းများပါဝင်ပါသည်။ ၎င်းကနဦးအဆင့်စီမံကိန်းများ အားလုံးအတွက် နိုင်ငံတကာအကြံပေးအဖွဲ့များ ၏ ပံ့ပိုးမှုနှင့်အတူ တင်ဒါခေါ်ဆို၍ ဆွေးနွေးဆောင်ရွက်ခဲ့ရာ အီတာလျံ-ထိုင်းကုမ္ပဏီမှ ဦးဆောင်ပြင်ဆင် ဖွဲ့စည်းထားသော အခြားမိတ်ဖက် ကုမ္ပဏီများလည်းပါဝင်သည့် ကုမ္ပဏီများက တင်ဒါအောင်မြင်ခဲ့ပြီး ကနဦး အဆင့်စီမံကိန်းများအတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့် စာချုပ်များ (Concession Agreements) ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြခြင်း ဖြစ်ပါ သည်။

၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့သည် ကနဦးအဆင့်စီမံကိန်းများစတင်နိုင်ရေးအတွက် နှစ်ဖက်ဖြည့်ဆည်းရမည့် စည်းကမ်းချက် အများစုကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် စက်မှုဇုန်နယ်မြေအတွက် မြေငှား စာချုပ် ပြင်ဆင်ရန် ညှိနှိုင်းဆောင်ရွက်စဉ်အတွင်း အီတာလျံ-ထိုင်းကုမ္ပဏီသည် Concession Agreement များပါ စည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းရန် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ပြဿနာရပ်များကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သော နည်းလမ်းဖြင့် ထောက်ပြဖြေရှင်း ရန် ပြင်ပဥပဒေအကြံပေးများ၏ ကူညီမှုနှင့်အတူ အီတာလျံ-ထိုင်းကုမ္ပဏီနှင့် ကာလရှည်ကြာသော စေ့စပ် ညှိနှိုင်းမှုလုပ်ငန်းစဉ်များကို တရားမျှတမှုရှိစွာ ဆောင်ရွက်ခဲ့ပါသည်။ ယင်းစေ့စပ်ညှိနှိုင်းမှုများကို အောက်ဖော် ပြပါ အဓိကအခြေခံမူ (၄)ချက် အပေါ် အခြေခံ၍ ပြုလုပ်ခဲ့ပါသည်-

- ရေးထိုးထားခဲ့သည့် Concession Agreements စာချုပ်များသည် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ညှိနှိုင်းခြင်းများပြုလုပ်ခဲ့ပြီးမှ အတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းတို့ကို စည်းမျဉ်းစည်းကမ်း များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပြန်လည် ဆွေးနွေး ညှိနှိုင်းခြင်းများ ဆောင်ရွက်မည် ဆိုပါက တရားမျှတသော၊ ခိုင်မာသောအကြောင်းပြချက်နှင့် ရှင်းလင်းတင်ပြချက် လိုအပ်ပါမည်။
- တည်ကြည်ဖြောင့်မတ်ခြင်း ဂုဏ်နှင့်အတူ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အများပြည်သူအကျိုးစီးပွားအတွက် အမှန်တကယ်လိုအပ်သော၊ အရေးပါသော အကျိုးကျေးဇူး များမရရှိဘဲ အခြားအကြောင်း ပြချက်များဖြင့် Concession Agreement များအတွက် ပြန်လည် ဆွေးနွေး ညှိနှိုင်းနိုင်မည် မဟုတ်ပါ။
- ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ချမှတ်ထားသော ဥပဒေဆိုင်ရာ လုပ်ငန်း စဉ်များကို ပယ်ဖျက်ရန် သဘောမတူနိုင်ပါ။

- ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ကနဦးအဆင့်စီမံကိန်းများအား ရှေ့ဆက်ဆောင်ရွက်မည် ဆိုသည့် အာမခံချက်ကို လိုအပ်ပြီး အီတာလျံ-ထိုင်းကုမ္ပဏီသည် ဆောင်ရွက်ရန်ကျန်ရှိနေသည့် စည်းကမ်းမလိုက်နာမှုများကို ကုစားရမည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အခြားကနဦးအဆင့် စီမံကိန်းများအတွက်ပါ နမူနာပုံစံဖြစ်စေမည့် စက်မှုဇုန်နယ်မြေအကောင်အထည်ဖော်ရေးအတွက် ပြန်လည် ပြင်ဆင်ထားသော စည်းကမ်းချက်များကို ပေးပို့ခဲ့သည်။ ပြန်လည်ပြင်ဆင်ထားသည့် ၎င်းစည်းကမ်းချက်များတွင် အီတာလျံ-ထိုင်း ကုမ္ပဏီမှ တောင်းဆိုထားသည့်အချက်များကို ပြင်ဆင်ပေးသည့် အချက်များလည်း ပါဝင်ပါသည်။

အထက်တွင် ဖော်ပြထားသော စေ့စပ်ညှိနှိုင်းမှု အခြေခံမှုများနှင့်အညီ အများပြည်သူ၏အကျိုးစီးပွားနှင့် ချိန်ညှိရန် အီတာလျံ-ထိုင်း ကုမ္ပဏီနှင့် စီမံကိန်းရင်းနှီးတည်ဆောက်ခွင့်ရရှိသူတို့မှ ဖြည့်ဆည်းရမည့်အချက်များကို ထပ်မံထည့်သွင်းခဲ့သည်။ ထို့အတူ စီမံကိန်း ရင်းနှီးတည်ဆောက်ခွင့်ရရှိသူအနေဖြင့် စာချုပ်ပါအချက်များအပေါ် ပျက်ကွက်ထားမှုများကို ပြင်ဆင်ရန်နှင့် ပြန်လည် ပြင်ဆင်ထားသည့် ကနဦးစီမံကိန်းအား ဆက်လက်လုပ်ဆောင်ရန်အတွက် ၎င်း၏ ဘဏ္ဍာရေးခိုင်မာမှု အထောက်အထားများအား တင်ပြရန်လိုအပ်မည်ဖြစ်သည်။

သို့သော်လည်း အီတာလျံ-ထိုင်းကုမ္ပဏီသည် အထက်ပါ တင်ပြရန်နှင့် ဖြည့်ဆည်း ရန်အချက်များကို သတ်မှတ်အချိန်အတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဘဏ္ဍာရေးဆိုင်ရာ ပျက်ကွက်မှုများ ကိုလည်း ကုစားခြင်းမရှိပါ။ အထက်ပါ အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ စီမံကိန်းနှင့် သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ကနဦးအဆင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့် စာချုပ်များကို ရပ်စဲရန် ရွေးချယ်ခဲ့ပါသည်။